JUSTICE FOR MYANMAR

## မြန်မာ့လေတပ်ပိုင် လေယာဉ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းသည့် HAECO ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကို Justice For Myanmar က ထောက်ခံကြိုဆို

*၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၊ မြန်မာနိုင်ငံ။* မြန်မာ့တပ်မတော် လေတပ်က ပိုင်ဆိုင်သည့် Airbus A300 လေယာဉ်ကို အဆင့်မြှင့်တင် ပြုပြင်ရန်အတွက် Aero Sofi နှင့် ချုပ်ဆိုထားသည့် ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းသည့် HAECO ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကို Justice For Myanmar က ထောက်ခံကြိုဆိုလိုက်ပါသည်။ HAECO ကုမ္ပဏီကို Cathay Pacific လေကြောင်းလိုင်း၏ ပင်ရင်းကုမ္ပဏီဖြစ်သော Swire Group က ပိုင်ဆိုင်ပါသည်။ HAECO ကုမ္ပဏီ၏ ကန်ထရိုက်စာချုပ်အကြောင်းကို Justice For Myanmar နှင့်အတူ စနစ်တကျ စုဖွဲ့ကျူးလွန်သော ရာဇဝတ်မှုများနှင့် အကျင့်ပျက်ခြစားမှုများကို ဖော်ထုတ်အစီရင်ခံခြင်း စီမံကိန်း (Organised Crime and Corruption Reporting Project) တို့က လွန်ခဲ့သော ဒီဇင်ဘာလတွင် အတူတကွ ဖော်ထုတ်ခဲ့ကြပါသည်။

***Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က ပြောသည်မှာ-*** *"HAECO ရဲ့ စာချုပ်ဖျက်သိမ်းလိုက်တဲ့ ကိစ္စက အကြမ်းဖက်သမား တရားမဝင် မြန်မာ စစ်အာဏာရှင်တစုကို မင်းတို့သဘောရှိ လုပ်လို့ရတဲ့ခေတ် မဟုတ်တော့ဘူး၊ အာဏာကို ပြည်သူတွေလက်ထဲ ချက်ချင်းပြန်အပ်ပါလို့ ခပ်ရှင်းရှင်း သတိပေးလိုက်တာပါပဲ။ မြန်မာစစ်တပ်ပိုင် ကုမ္ပဏီတွေနဲ့ စီးပွားရေး အတူလုပ်နေတဲ့ ကုမ္ပဏီကြီးတွေကိုလည်း ချက်ချင်းအဆက်ဖြတ်ဖို့ ကျွန်မတို့ တိုက်တွန်းပါတယ်။"*

နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် တရားမဝင်ဘဲ အာဏာသိမ်းထားသည့် မြန်မာစစ်တပ်ကို လက်နက်အရောင်းအဝယ် ပိတ်ဆို့တားဆီးခြင်း၊ တပ်ပိုင်ကုမ္ပဏီများနှင့် ဗိုလ်ချုပ်မိသားစုပိုင် စီးပွားရေးလုပ်ငန်းများကို သီးခြားပစ်မှတ်ထားပြီး စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ် အရေးယူခြင်း၊ စသည်တို့ကို ချက်ချင်း ပြုလုပ်ပေးပါရန် Justice For Myanmar က ထပ်မံတောင်းဆိုပါသည်။

JUSTICE FOR MYANMAR

**အယ်ဒီတာများသို့မှတ်ချက်**

အယ်ဒီတာများထံသို့ မှတ်ချက်။ ။ HAECO ၏ စာချုပ်နှင့်စပ်လျဉ်းသည့် ဆောင်းပါးကို ဤနေရာတွင် ဖတ်ပါ။ https://www.justiceformyanmar.org/stories/a-dangerous-use-of-public-funds-myanmar-military-airbus-deals-for-troop-transport-and-luxury-travel

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

**ထပ်မံသိရှိလိုပါက -**

**ရတနာမောင်**

အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/